# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 12 , 2024 Volume 76, Number 8

၁၂.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၇၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၌ အပိုဝင်ငွေရရှိရန်အတွက် ဂန္ဓမာပန်းများကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြကြောင်း၊ ဂန္ဓမာပန်းပင် စိုက်ပျိုးမှုအနေဖြင့် တစ်လခွဲသားအရွယ်ရှိသော ဂန္ဓမာပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့မှဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးသော ပန်းအမျိုးအစားများမှာ မြနှင်းဖြူမျိုး၊ စံပယ်ဖြူမျိုးနှင့် ပဲနီမျိုးများဖြစ်ပြီး စိုက်ပျိုးမှုပုံစံအနေဖြင့် မြေအကျယ်အဝန်းပေ ၆၀ ပတ်လည်တွင် မြေဘောင်တင်စနစ်၊ မြေအောက်ရေတင်စနစ်များဖြင့် စိုက်ပျိုးကာ အပင်အရေအတွက် ၂၅၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဂန္ဓမာပန်းစိုက်ပျိုးရာတွင် ပျိုးပင်ဖိုး၊ မြေဘောင်တင်ခြင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ ရေတင်သွင်းခြင်း၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၁၅၀,၀၀၀ ကုန်ကျကြောင်း၊ အောက်တိုဘာလ တွင် စတင်စိုက်ပျိုးပြီး စိုက်ပျိုးပြီး ၅ လအကြာ မတ်လတွင် စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ဂန္ဓမာပန်းပင်ကို တစ်ခါစိုက်ပျိုးပြီး ပြုစုပျိုးထောင်နိုင်မှု အားကောင်းလျှင် မျိုးဆက် ၃ သားအထိ ချိုးယူခူးဆွတ် ရောင်းချရကြောင်း၊ တစ်ခါချိုးယူခူးဆွတ်ပြီးသည့် ဂန္ဓမာပန်းခင်းကို ဒုတိယအကြိမ် သွင်းအားစုများထည့်သွင်းပြီး ပြုစုပျိုးထောင်လျှင် ၃ လအကြာတွင် ပြန်လည်ချိုးယူခူးဆွတ်၍ ရောင်းချရကြောင်းသိရသည်။ ဈေးနှုန်းအနေဖြင့် ဂန္ဓမာပန်းတစ်စည်းလျှင် ဖောက်သည်ဈေး (လက်ကားဈေး) ကျပ် ၅၀၀ ဖြင့် တစ်ရက်လျှင် ပန်းစည်းအရေအတွက် ၁၀၀ မှ ၁၅၀ အထိရောင်းချရပြီး လက်လီဈေးနှုန်းအနေဖြင့် ဂန္ဓမာပန်း တစ်စည်းလျှင်

ကျပ် ၈၀၀/၁၀၀၀ ဖြင့် ရောင်းချရကြောင်း၊ မြေအောက် ရေတင်စနစ်ဖြင့် ဂန္ဓမာပန်း တစ်ခါစိုက်ပျိုးလျှင် တစ်လခွဲခန့်ကြာအောင် ခူးဆွတ်ရောင်းချရ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၁၃,၅၀,၀၀၀ ခန့်ရရှိကြောင်း ဂန္ဓမာပန်းစိုက်တောင်သူများထံမှ သိရသည်။

**Source: DOCA (စစ်ကိုင်း)**

**Source: https://commerce.gov.mm**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငှက်ပျောမျိုးစုံ အဖီးရေ ၄,၅၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငှက်ပျောမျိုးစုံအဖီးရေ ၄,၅၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မျိုးခိုင်ကပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ငှက်ပျောများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကာ ပြီးခဲ့သည့် ဇန်နဝါရီလက ငှက်ပျောမျိုးစုံအဖီးရေ ၂,၉၀,၀၀၀ ထိပဲ တင်ပို့ရောင်းချခဲ့ပါတယ်” ဟု ဘိုကလေးမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မျိုးခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောဈေးနှုန်းများသည် ဖီးကြမ်းအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁,၂၅,၀၀၀၊ ရခိုင်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၈၈,၀၀၀၊ သီးမွှေးငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁,၄၅,၀၀၀၊ ဆင်စွယ်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁,၄၅,၀၀၀ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တောင်သူများသည် ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျောတို့ကို အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၇,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်မျှင်ငါးပိပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁,၈၅,၀၀၀ ထိ ဈေးရှိနေကြောင်း သိရသည်။

“ဖျာပုံဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မျှင်ငါးပိတွေ ဝယ်လိုအားကောင်းလာပါတယ်” ဟု ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်ကရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုပ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့်လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားအနည်းဆုံး ၁၀ ဦးမှ ၁၅ ဦးထိ ဒေသတွင် အလုပ်အကိုင်ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးတန်ပိသာချိန် ၈၂,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးတန်ပိဿာချိန် ၈၂,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ငါးတန်ပိဿာချိန် ၅၉,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ ငါးတန်ပိဿာချိန် ၈၂,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးတန်ပိဿာချိန် ၈၂၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းကထက် ငါးတန်ပိဿာချိန် တော်တော်များများပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေ ထွက်ရှိတဲ့ရေထွက်ကုန်မှန်သမျှ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့လကစပြီး ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်" ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## မြန်မာပုဂ္ဂလိကကဏ္ဍနှင့် ဆန်ရောင်းဝယ်မှု MoU ရေးထိုးနိုင်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရ စီစဉ်

ပြည်တွင်းဈေးကွက်၌ လိုအပ်ချက်မြင့်မားလျက်ရှိမှုအပေါ် အရန်ရိက္ခာဖြည့်တင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍထံမှ ဆန်နှင့်အခြားလယ်ယာထွက်ကုန်များ ဝယ်ယူရရှိနိုင်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မကြာသေးမီက အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီးနောက် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်ထားရှိသည့် ဆန်ရောင်းဝယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ မူကြမ်းတစ်စောင်ကို မတ်လ ၁၀ ရက်နေ့ နောက်ဆုံးထား၍ သဘောထားမှတ်ချက်ပြုရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များထံ ဖြန့်ဝေခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် The Financial Express သတင်းဌာနက ဖော်ပြသည်။

မြန်မာနှင့်ကုန်ရောင်းဝယ်မှု သဘောတူညီချက်လက်မှတ်ရေးထိုးရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာဘက်မှ ဆန်တင်ပို့မှုအပြင် ချင်း၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီတို့ကဲ့သို့သော ပြည်တွင်း၌ ဈေးနှုန်းမြင့်တက်လျက်ရှိသည့် ဟင်းခတ်အမွှေးအကြိုင် ကုန်စည်များကို ထောက်ပံ့ပေးသွင်းစေရန် လိုလားမှုရှိကြောင်း၊ နားလည်မှုစာချွန်လွှာ ပထမမူကြမ်းအား ပြင်ဆင်သုံးသပ်ပေးနိုင်ရန်အတွက် ယခင်နှစ် အောက်တိုဘာလ၌ မြန်မာဘက်မှပေးပို့ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလတွင် မွမ်းမံပြင်ဆင်ထားသည့် နောက်ထပ်မူကြမ်းကို ပေးပို့လာခြင်းဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဌာနမှ အရာရှိများက ပြောကြားခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို မကြာမီလက်မှတ်ရေးထိုးမည်ဖြစ်၍ သက်ဆိုင်သည့်ပါဝင်ပတ်သက်သူများထံမှ သဘောထားအမြင်ကို အမြန်ဆုံးစုစည်းရယူရန် ဖေဖော်ဝါရီလကုန်ပိုင်း၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သော အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်သူများအနေဖြင့် သဘောထားပြန်ကြားရာတွင် အဆိုပြုမူကြမ်း၏ အသေးစိတ်အချက်အလက်များအပေါ် အလွန်အမင်း ပြန်လည်ပြင်ဆင်ခြင်းမပြုရန် ပြောကြားထားကြောင်း၊ သို့မှသာ အချိန်တိုအတွင်း မူကြမ်းကို အပြီးသတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့် နေ့ရက်ကို သတ်မှတ်နိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှ သက်ဆိုင်သည့်ဝန်ကြီးဌာနနှင့် အင်တာနက်ကွန်ရက်စနစ်ဖြင့် အစည်းအဝေးတစ်ရပ် ကျင်းပရန်ကိုလည်း ၎င်းအစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြောင်း သတင်းအရင်းအမြစ်များက ပြောဆိုသည်။

ဘင်္ဂလားဒေ့ရှ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဘက်မှ ထောက်ပံ့ပေးသွင်းလိုသော လယ်ယာထွက်ကုန်များစာရင်းကို လက်ခံရရှိခဲ့ပြီး စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် စားနပ်ရိက္ခာဝန်ကြီးဌာနများထံ သဘောထားအမြင် တောင်းခံထားသည်ဟု ၎င်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးက The Financial Express သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးမည့် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (Trading Corporation of Bangladesh – TCB) ၏ ဥက္ကဋ္ဌဖြစ်သူ Md Ariful Hassan က မြန်မာနှင့် တရားဝင် လက်မှတ်ရေးထိုးခြင်းသည် ၎င်းတို့ ကော်ပိုရေးရှင်းအတွက် လိုအပ်သော လယ်ယာထွက်ကုန်များကို လွယ်ကူစွာနှင့် လျင်မြန်စွာ ရရှိနိုင်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် ကုန်စည်များကို ဈေးနှုန်းသက်သာစွာဖြင့်လည်း ရရှိနိုင်မည်ဖြစ်ကြောင်း ပြောဆိုသည်။

လက်ရှိကာလ၌ ဝင်ငွေနည်းပါးသူများအနေဖြင့် ကုန်ဈေးနှုန်းများ ဖောင်းပွမှုဒဏ်ခံရခြင်းမှ လျော့ပါးသက်သာစေရန် အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကောက်ပဲသီးနှံများနှင့် အချို့သော အခြေခံကုန်စည်များကို အိမ်ထောင်စုပေါင်း ၁၀ သန်းခန့် သို့ ဈေးနှုန်းချိုသာစွာဖြင့် ထောက်ပံ့ပေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ နှစ်စဉ် ဆန်တန်ချိန် ၂,၅၀,၀၀၀ နှင့် ပေါင်းဆန် တန်ချိန် ၅၀,၀၀၀ ကို တင်ပို့ရောင်းချပေးရန် မြန်မာနိုင်ငံနှင့် အစိုးရချင်း နားလည်မှု စာချွန်လွှာကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ၌ လက်မှတ်ရေးထိုးခဲ့သည်။

**Source: The Financial Express, 6 March 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိထား



မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈ ဘီလီယံ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် နှစ်ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၃ ဒသမ ၅၃ ဘီလီယံကျော်ရရှိထားပြီး နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၂၄၇ ဒသမ ၀၈၃ သန်းလျော့ကျခဲ့ကြောင်းလည်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက် ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့နေခြင်းဖြစ်သည်။ လယ်ယာထွက်ကုန်တင်ပို့မှုတွင် ဆန်နှင့်ဆန်ကွဲ၊ ပဲအမျိုးမျိုးနှင့်ပြောင်းတို့သည် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကတင်ပို့သည့် ပစ္စည်းများဖြစ်ပြီး သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ၊ နှမ်း၊ လက်ဖက်ခြောက်၊ သကြားနှင့်အခြား စိုက်ပျိုးရေးထွက်ကုန် များကိုလည်း တင်ပို့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့်သီရိလင်္ကာနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=151643

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုမှ ကန်ဒေါ်လာ (၁၃) သန်းကျော်ရအပြီး ကုန်သွယ်မှုရပ်တန့်နေသဖြင့် ယခင်နှစ်ထက် ကုန်သွယ်မှုတစ်ဝက်ခန့်လျော့



တိုက်ပွဲများကြောင့် ရပ်တန့်နေသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ (၁၃) သန်းကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှ မတ်လ (၁) ရက်အထိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၁၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၉ သန်းနှင့် စုစုပေါင်း ကုန်သွယ်မှုပမဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၀၂ သန်း ကုန်သွယ်မှု ပြုလုပ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့် ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ကာလတူတွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၉၀ သန်း ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ထက်ဝက်လျော့ကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် စစ်တွေနှင့်မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပြီး ချင်း(အစို)၊ ကြက်သွန်နီ၊ ပဲ၊ နနွင်းတက်၊ ဆီးသီးခြောက်၊ မန်ကျည်းနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များအပြင် ရေချို၊ ရေငန်ငါးမျိုးစုံကို အဓိကတင်ပို့နေခြင်း ဖြစ်ကြောင်း သိရသည်။

https://www.popularmyanmar.com/?p=151527

## အိန္ဒိယအစိုးရက အရန်ရိက္ခာသိုလှောင်မှုအနေဖြင့် ယခုနှစ်တွင် ကြက်သွန်နီတန်ချိန် ငါးသိန်းဝယ်ယူရန် စီစဉ်လျက်ရှိ

အိန္ဒိယအစိုးရက ကြက်သွန်နီဈေးနှုန်းမြင့်တက်လာပါက ဈေးကွက်အတွင်း ဝင်ရောက်ထိန်းကျောင်းနိုင်စေရန်အတွက် ယခုနှစ်တွင် ကြက်သွန်နီတန်ချိန် ၅ သိန်းဝယ်ယူရန် စီစဉ်နေကြောင်း၊ အိန္ဒိယအမျိုးသားစားသုံးသူရေးရာ သမဝါယမအဖွဲ့ချုပ်(NCFF)နှင့် အိန္ဒိယအမျိုးသားသမဝါယမနှင့်ဈေးကွက်ရှာဖွေရေးအဖွဲ့ချုပ်(NAFED)ကဲ့သို့သော အေဂျင်စီများသည် အစိုးရကိုယ်စား ကြက်သွန်နီကို ဝယ်ယူမည်ဖြစ်ကြောင်းနှင့် စားနပ်ရိက္ခာနှင့်စားသုံးသူရေးရာဝန်ကြီးဌာနသည် ယမန်နှစ်ကလည်း ကြက်သွန်နီအရန်ရိက္ခာတန်ချိန် ၅ သိန်းသိုလှောင်ခဲ့ပြီး ယင်းအနက် တန်ချိန် ၁ သိန်းကျန်ရှိနေသေးကြောင်း သိရှိရသည်။

အစိုးရက အရန်သိုလှောင်ထားသည့် ကြက်သွန်နီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းသည် ဈေးနှုန်းထိန်းချုပ်ရာတွင် အထောက်အကူဖြစ်ကြောင်း သတင်းရင်းမြစ်များအရ သိရှိရပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တားမြစ်ထားသည့် ကြက်သွန်တင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်းရန် အစိုးရက ယခုလနှောင်းပိုင်းတွင် ဆုံးဖြတ်ချက်ချမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

အစိုးရ၏ ကြက်သွန်နီအရန်သိုလှောင်မှုအစီအစဉ်သည် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကြက်သွန်အထွက်နှုန်း ကျဆင်းလာချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာချက်အရ ယခင်နှစ်က ကြက်သွန်နီတန်ချိန် ၃၀၂ ဒသမ ၀၈ သိန်းထွက်ရှိခဲ့သော်လည်း ၂၀၂၃-၂၄ ခုနှစ်တွင် မဟာရက်ရှ်ထရာပြည်နယ်၊ ကာနာတကာပြည်နယ်၊ အင်ဒရာပရာဒက်ရှ်ပြည်နယ်နှင့် ရာဂျစ်စတန်ပြည်နယ်တို့တွင် အထွက်နှုန်းများလျော့နည်းခဲ့သည့်အတွက် တန်ချိန် ၂၅၄ ဒသမ ၇၃ သိန်း

ဝန်းကျင်သာထွက်ရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ၂၀၂၃-၂၄ တွင် ကြက်သွန်နီထုတ်လုပ်မှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ စာရင်းများအရ ၂၀၂၁-၂၂ တွင် ကြက်သွန်နီတန်ချိန် ၃၁၆ ဒသမ ၈၇ သိန်းထွက်ရှိခဲ့ကြောင်း သိရသည်။


အိန္ဒိယသည် ပွဲတော်ရာသီချိန်များဖြစ်သည့် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ကြက်သွန်နီဝယ်လိုအား များပြားသည့်အတွက် ကြက်သွန်နီဈေးနှုန်းများ ဆတိုးမြင့်တက်လေ့ရှိသည်ကိုတွေ့ရှိရပြီး ယင်းအချိန်တွင် အစိုးရမှသိုလှောင်ထားသည့် အရန်ကြက်သွန်များကို ဈေးကွက်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းဖြင့် ဈေးကွက်ကို ထိန်းကျောင်းမှုများ ဆောင်ရွက်သည်မှာ အလုပ်ဖြစ်ခဲ့သည်ကို တွေ့ရှိရသဖြင့် သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: Center plans to procure five lakh tonnes of onions this year for buffer stock, The Economic Times, March 8, 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article

## STOCK EXCHANGE (12.3.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 12th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,490 (Shares) | 24,222,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 1,903 | 15,794,900 | 33,109,694 | 274,811 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 1,981 | 5,653,550 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 230 | 345,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,350 | 2,500 | 2,350 | 22 | 54,850 | 12,823,224 | 32,058 |
| EFR | 00006 | 1,800 | +100 | +5.88% | 1,700 | 1,800 | 1,700 | 106 | 180,700 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 20 | 94,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,228 | 2,099,000 | 23,804,946 | 41,659 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

**Market summary**

As of 12th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.91 | +2.10 | +0.59% | 352.80 | 355.91 | 352.80 | 5,490 | 24,222,000 | 8 | 671,306 |

**Index chart**

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 5,490 (Shares) | 24,222,000 (MMK) |

### Main Board

As of 1:00 pm, 12th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,490 (Shares) | 24,222,000 (MMK) |

| MYANPIX | 355.91 ▲ 2.10 |
|---|---|
| Total Volume (shares) | 5,490 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 671,306 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 100 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR